K.N.D.F

# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၃ ခုနှစ်၊ ဇက်တင်ဘာလ (၁၄) ရက်နေ့။

ဇက်တင်ဘာလ (၁၄) ရက် ၊ မနက် (၅း၀၀)နာရီခန့် ဒီးမော့ဆိုမြို့နယ်၊ ကဒါးလာကျေးရွာအနီးတွင် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော် (KA)၊ KNDF ပူးပေါင်းတပ်တို့ တိုက်ပွဲ အပြင်းအထန်ဖြစ်ပွားခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ ဒီမော့ဆို အခြေစိုက်တပ်ရင်းဖြစ်သော (၁၀၂) တပ်ရင်းမှ လက်နက်ကြီးဖြင့် အဆက်မပြတ်ပစ်ခတ်ခဲ့ပြီး နှစ်ဖက် အပြန်အလှန်ပစ်ခတ်မှုတိုက်ပွဲ (၄) နာရီ နီးပါးဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ် ကောင်စီတပ်များဖက်မှ ထိခိုက်ကျဆုံးမှုများရှိနိုင်သော်လည်း အရေအတွက်ကို အတည်မပြုနိုင်ပါ။

ထိုတိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များကို ခုခံတိုက်ခိုက်ရင်း မိမိတို့ KNDF မှ ရဲဘော် နှစ်ဦးကျဆုံးခဲ့ပါသည်။ စစ်မိစ္ဆာများကို ခုခံတိုက်ခိုက်ရင်းကျဆုံးသွားသော KNDF ရဲဘော်နှစ်ဦးကို ကရင်နီတော်လှန်ရေးသမိုင်းတွင် အာဇာနည် သူရဲကောင်းအဖြစ် လေးစား အသိအမှတ်ပြု သမိုင်းမော်ကွန်းတင်အပ်ပါသည်။

KNDF အနေဖြင့် အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီပြည်တစ်ဝန်းလုံး အတိုင်းအတာဖြင့် စစ်မျက်နှာဖွင့်ပြီး အမြစ်ပြတ်ခြေမှုန်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာအပ်ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန